## ၆။ ရေသွင်းရေထုတ် ပြုလုပ်ခြင်း

- ရေသွင်းရေထုတ် လွယ်ကူစေရန် လယ်ကြားမြောင်းများ ပြုလုပ်ပါ။
- ရေကို လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် စိုက်ကွင်း မြေမျက်နှာပြင်ကို ညီအောင်ညှိပါ။
- ကန်သင်းများကို ခိုင်ခန့်အောင်ပြုလုပ်ပြီး ကြွက်တွင်းများ မရှိစေရန်နှင့် ကန်သင်းရေလုံအောင် ဂရုစိုက်ပါ။
- ကန်သင်းတိုင်းတွင် ရေသွင်း၊ ရေထုတ်ပေါက်နှင့် ရေလျှံပေါက် ပြုလုပ်ထားပါ။
- မိုးရေကို လယ်ကွက်အတွင်း သိုလှောင်အသုံးပြုရန် ကန်သင်းကို တစ်ပေခွဲအမြင့်၊ နှစ်ပေခွဲအကျယ် ပြုလုပ်ပါ။
- ရေလျှံပေါက်၏အမြင့်ကို ကန်သင်းအမြင့်မှ ၂ လက်မ မှ ၄ လက်မခန့် နိမ့်အောင် ပြင်ဆင်ပြုလုပ်ပါ။
- မိုးရွာ၍ စီးဆင်းလာသောရေကို လယ်ကွက်အတွင်း(သို့) ကျေးရွာပိုင် ရေသိုလှောင်ကန်များအတွင်းသို့ သွယ်တန်း စီးဆင်းစေ၍ သိုလှောင်ပါ။
- စိုတစ်ခါ ခြောက်တစ်လှည့် ရေပေးစနစ်ကို ပင်ပွားအများဆုံး ထွက်ချိန်တွင် ကျင့်သုံးပါ။
- မရိတ်မီ ၂ ပတ်အလိုတွင် ရေဖောက်ထုတ်ပါ။






## ၇။ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း

- မြေကိုကောင်းစွာပြုပြင်ခြင်းဖြင့် ပေါင်းနှိမ်နင်းပါ။ ပထမအကြိမ် ထယ်ထိုးထွန်ယက်ပြီးနောက် ပေါင်းပင်ငယ်များ ပေါက်လာစတွင် ဒုတိယအကြိမ် ထယ်ထိုးထွန်မွှေခြင်းဖြင့် ပေါင်းမြက်နှိမ်နင်းပါ။
- ရွှေ့ပြောင်းမစိုက်မီ သမန်းပြင်ပြီး မြက်ခေါင်းကောက်ပါ။
- စပါးပင်သက်တမ်းအစောပိုင်းတွင် စိုက်ကွင်းအတွင်း ရေထား ရှိခြင်းနှင့် ကောက်ကွက်စိပ်စိပ်စိုက်ခြင်းသည် ပေါင်းပင်ကျ ရောက်မှုကို သက်သာစေပါသည်။
- အတန်းလိုက်စိုက်ပါက ရေထုတ်ပြီး သမန်းနှိုးကိရိယာဖြင့် ကြားပေါင်းလိုက်ပါ။
- ပေါင်းနှိမ်နင်းခြင်းနှင့် လက်ပေါင်းလိုက်ခြင်းကို စပါးစိုက်ပြီး ၃၀ - ၄၅ ရက် မတိုင်မီ အပြီးဆောင်ရွက်ပါ။
- ပေါင်းမြက် ဆိုးရွားစွာကျရောက်ပါက ပေါင်းအမျိုးအစားပေါ် မူတည်၍ မှတ်ပုံတင်ထားသော ပေါင်းသတ်ဆေးကို ဆေးညွှန်း အတိုင်း တိကျစွာ လိုက်နာဆောင်ရွက်ပါ။ ဥပမာ အဓိက ကျရောက်သော ပေါင်းအမျိုးအစားသည် မြက်နှင့် မြက်မုံညင်း မျိုးရင်းများ ဖြစ်ပါက အောက်ဖော်ပြပါ ပေါင်းသတ်ဆေးတို့ကို အသုံးပြုနိုင်ပါသည်။

| ပေါင်းသတ်ဆေး အမည် | တစ်ဧကအတွက် ဆေးနှုန်းထား (g a.i/ac) | အသုံးပြုရမည့်အချိန် |
|---|---|---|
| ပေါင်းပင်မပေါက်မီ အသုံးပြုရသော ပေါင်းသတ်ဆေး Pretilachlor | ၁၅၀ ml EC a.i. | စပါးစိုက်ပြီး ၃ ရက် အကြာ |
| ပေါင်းပင်မပေါက်မီ အသုံးပြုရသော ပေါင်းသတ်ဆေး Bensulfuron-methyl+ Acetochlor | 88 g WP a.i. | စပါးစိုက်ပြီး ၇ - ၁၂ ရက် အကြာ |
| ပေါင်းပင်ပေါက်ပြီးမှ အသုံးပြုရသော ပေါင်းသတ်ဆေး Bispyribic-sodium | ၈ ml SL a.i. | စပါးစိုက်ပြီး ၇ - ၁၂ ရက် အကြာ |

## ၈။ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းခြင်း

- ပိုးမွှားရောဂါ ကျရောက်ဖျက်ဆီးမှုရှိ၊ မရှိကို အမြဲမပြတ် ကွင်းဆင်း၊ ကင်းထောက်၊ စစ်ဆေးပြီး ပိုးသတ်ဆေးကို လိုအပ်မှသာ အသုံးပြုပါ။
- စပါးပင်ဖြစ်ထွန်းမှု အစောပိုင်းကာလ (၃၀ - ၄၀) ရက်အတွင်း ပိုးမွှားကျရောက်မှုကြောင့် အရွက်များ ပျက်စီးမှုဖြစ်ပေါ်ပါက စပါးပင်မှအစားထိုး ပြန်လည်ရှင်သန်နိုင်ပါသည်။
- ပိုးမွှားရောဂါများ ရှင်သန်ခိုအောင်းရာနေရာဖြစ်သော ပေါင်း ပင်များနှင့်ပင်ကြွင်း၊ ပင်ကျန်များကို သုတ်သင်ရှင်းလင်းပါ။
- ကြွက်ကြောင့်သီးနှံလေလွင့်ဆုံးရှုံးမှု လျော့နည်းစေရန်
  - (က) ပတ်ဝန်းကျင် သီးနှံခင်းများနှင့် စိုက်ချိန်/ရိတ်ချိန်ညီအောင် ဆောင်ရွက်ပါ။
  - (ခ) စိုက်ခင်းနှင့် ဘေးပတ်ဝန်းကျင်တွင် ပေါင်းမြက်ကင်းစင်အောင် ရှင်းလင်းပါ။
  - (ဂ) ကြွက်ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို သားမပေါက်ခင် အချိန်တွင် လက်ဦးမှုရယူ နှိမ်နင်းနိုင်ရန်အတွက် စစိုက်ချိန် တွင် တစ်ကြိမ် သီးနှံမပေါ်ခင်တွင် တစ်ကြိမ် မဖြစ်မနေ ဆောင်ရွက်သင့်ပါသည်။
  - (ဃ)ကြွက်ထောင်ချောက်ထောင်ခြင်း၊ ကြွက်ကျင်းများတူးဖော်၍ ကြွက်ဖမ်းခြင်း၊ ကြွက်များအား လူအင်အားဖြင့် ခြောက် လှန့်ဖမ်းဆီးခြင်း၊ ကြွက်ကာပစ္စည်းများ အသုံးပြုခြင်း၊ ထောင် ချောက်သီးနှံဖြင့် ကြွက်ကာကွယ် နှိမ်နင်းခြင်း (Trap-Barrier System)၊ ကြွက်တို့၏ သားရဲကောင်များ မွေးမြူ ခြင်း၊ ကြွက်မုဆိုးများ၏ အကူအညီရယူ၍ ကြွက်ဖမ်းခြင်း၊ ကြွက်ဆေးချခြင်းလုပ်ငန်းများကို လူထုလှုပ်ရှားမှု အသွင်ဖြင့် တစ်ကွင်းတစ်ဆက်တည်းဆောင်ရွက် သင့်ပါသည်။

## ၉။ ရိတ်သိမ်းချိန်နှင့် ရိတ်သိမ်းချိန်လွန်နည်းစနစ်များ

- မောင်းညိုချိန် (စပါးအနှံ၏ ၈၀ - ၈၅ % ရင့်မှည့်ချိန်)တွင် ရိတ်သိမ်းပြီး ချက်ချင်းခြွေလှေ့ပါ။
- ၂ - ၃ ရက် နေဖြင့် အခြောက်လှန်းပါ။ လိုအပ်ပါက အခြောက်ခံ ကိရိယာ အသုံးပြုပြီး အပူချိန်ကို ၄၃ ဒီဂရီ စင်တီဂရိတ်ခန့် ထား၍ အခြောက်ခံပါ။
- ကွန်ကရစ်တလင်း(သို့) မိုးကာခင်းတွင် နေလှန်းပါက အထူ ၂ လက်မထက် မပိုပဲ ခပ်ပါးပါးလှန်းပါ။ ခြောက်သွေ့မှု ညီညာ စေရန် နာရီဝက်ခြားတစ်ကြိမ် အထက်အောက် လှန်ပေးပါ။
- မြင့်မားသော အပူချိန် (၅၄.၄ ဒီဂရီစင်တီဂရိတ်နှင့် အထက်) တွင် အခြောက်မခံသင့်ပါ။
- စပါးစေ့အစိုဓာတ်သည် မျိုးစပါးအတွက် ၁၂% နှင့် ကြိတ်ခွဲ စားသုံးမည့်စပါးအတွက် ၁၄% ထားရှိရန် လိုအပ်ပါသည်။
- မျိုးစေ့များကို သန့်စင်ပြီး လေလုံစွာ ပိတ်ထားနိုင်သော ပုံး၊ ပေပါ၊ အိတ် စသည့် ပစ္စည်းများ (ဥပမာ ဟာမက်တစ် အိတ်) ထဲသို့ ထည့်သွင်းပါ။
- ထို့နောက် လေဝင်လေထွက်ကောင်းပြီး ပိုးမွှား၊ ကြွက်၊ ငှက် တို့မှ ကာကွယ်ထားသော သိုလှောင်ရုံအတွင်း စနစ်တကျ သိုလှောင်ပါ။
- စပါးသိုလှောင်ထားရာ ပတ်ဝန်းကျင်တွင် ဖိတ်စင်ကျန်ရစ် ခဲ့သော စပါးစေ့များကို ချက်ချင်းသန့်စင်ဖယ်ရှားပါ။
- သိုလှောင်ရုံကို ခြောက်သွေ့သန့်ရှင်းအောင် ထားပါ။

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စိုက်ပျိုးရေးဦးစီးဌာန
စပါးသီးနှံဌာနခွဲ

# မိုးနည်းရေရှားဒေသများအတွက် သင့်လျော်သော နွေ/မိုး စပါးစိုက်ပျိုးနည်းစနစ်များ (ပျိုးထောင်စိုက်စနစ်)





၂၀၁၆ ခုနှစ် မေလ

## ၁။ သင့်လျော်သော စပါးမျိုးရွေးချယ်ခြင်း

- စားသုံးမှုအရည်အသွေးနှင့် အထွက်နှုန်း ကောင်းမွန်သော ရေငတ်ခံ စပါးမျိုးသန့်များကို စိုက်ပျိုးပါ။

### မိုးနည်းရေရှားဒေသ ပျိုးထောင်ရွှေ့ပြောင်းစိုက်ပျိုးခြင်း အတွက် အသင့်တော်ဆုံးစပါးမျိုးများ

| စပါးမျိုးအမည် | သက်တမ်း (ရက်) | အပင်အမြင့် (ပေ) | အမိုင်လိုစ် ပါဝင်မှု(%) | စပါးမျိုး အုပ်စု | အထွက်နှုန်း (တင်း) | ထူးခြားသော လက္ခဏာများ |
|---|---|---|---|---|---|---|
| ရေအနည်းလို-၁ (နွေ/မိုး) | ၁၁၅ | ၃.၉ | ၂၅.၈ | လက်ရွေးစင် | ၈၀ - ၁၀၀ | ရေငတ်ခံ |
| ရေအနည်းလို-၂ (နွေ/မိုး) | ၁၁၂ | ၃.၅ | ၂၂.၈ | ညှော်မထ | ၈၀ - ၁၀၀ | ရေငတ်ခံ |
| ရေအနည်းလို-၃ (နွေ/မိုး) | ၁၂၀ | ၃.၆ | ၂၅.၅ | ညှော်မထ | ၈၀ - ၁၀၀ | ရေငတ်ခံ |
| ရေအနည်းလို-၄ (နွေ/မိုး) | ၁၀၇ | ၃.၄ | ၂၂.၇ | ညှော်မထ | ၁၀၀ - ၁၂၀ | ရေငတ်ခံ |
| ရေအနည်းလို-၅ (နွေ/မိုး) | ၁၁၆ | ၃.၅ | ၁၈.၉ | ညှော်မထ | ၁၀၀ - ၁၂၀ | ရေငတ်ခံ |
| ရေအနည်းလို-၆ (နွေ/မိုး) | ၁၁၁ | ၄.၁ | ၂၄.၂ | ညှော်မထ | ၁၀၀ - ၁၂၀ | ရေငတ်ခံ |
| ပြည်မြန်မာစိန် (နွေ/မိုး) | ၁၁၅ | ၄.၁ | ၂၀.၆ | ညှော်မထ | ၁၀၀ - ၁၂၀ | ဆားငံခံ |
| ရွှေပြည်ဌေး (နွေ/မိုး) | ၁၂၇ | ၃.၄ | ၂၇.၈ | ညှော်မထ | ၁၀၀ - ၁၁၀ | အနံ့မွှေး |
| ရွှေသွယ်ရင် (နွေ/မိုး) | ၁၀၅ | ၃.၀ | ၃၀.၈ | ညှော်မထ | ၁၀၀ - ၁၂၀ | သက်လျှင် အထွက်ကောင်း |
| ရောမင်း (မိုး) | ၁၄၀ | ၅.၀ | ၂၅.၀ | ညှော်မထ | ၇၀ - ၉၀ | သက်လတ်အထွက်ကောင်း |
| မနောသုခ (မိုး) | ၁၃၅ | ၄.၁ | ၂၆.၅ | လက်ရွေးစင် | ၉၀ - ၁၀၀ | သက်လတ်အထွက်ကောင်း |
| ဆင်းသုခ (မိုး) | ၁၄၀ | ၃.၅ | ၂၇.၇ | လက်ရွေးစင် | ၈၀ - ၁၂၀ | ဘက်တီးရီးယားရွက်ခြောက် ရောဂါခံ |
| မနော်ဟရီ (မိုး) | ၁၄၀ | ၄.၆ | ၂၇.၇ | လက်ရွေးစင် | ၈၀ - ၁၀၀ | သက်လတ်အထွက်ကောင်း |
| သီရိသုခ (မိုး) | ၁၄၀ | ၄.၅ | ၂၅.၈ | လက်ရွေးစင် | ၁၀၀ - ၁၁၀ | သက်လတ်အထွက်ကောင်း |

## ၂။ ပျိုးဘောင်ပြင်ဆင်ခြင်း

- ပျိုးခင်းနေရာကို သွင်းရေအတွက် မခက်ခဲသော၊ ရေချိုအရင်း အမြစ်နှင့်နီးသော၊ လမ်းမီးရောင်နှင့်ဝေးသော၊ ရောဂါနှင့် ပေါင်းမြက်တို့ ကင်းစင်သော၊ မြေဆီသြဇာ ထက်သန်သော၊ မြေနေရာကို ရွေးချယ်ပါ။
- အရည်အသွေးကောင်း မျိုးသန့်မျိုးစေ့ကို ပြာတီးသန့်စင်၍ ဆားရည်စိမ်ရွေးချယ်ပြီးမှ အသုံးပြုပါ။
- မျိုးစေ့အား ၁ ရက် ရေစိမ်ပြီးမှ ၁ ရက် (သို့) ၂ ရက်၊ စာပါးစပ် ပြူချိန်အထိ မျိုးအုပ်ပါ။
- မျိုးစေ့မချမီ ၂ - ၃ ရက်အလိုတွင် ပျိုးဘောင်ပြင်ဆင်ပါ။
- တစ်ဧကစိုက်ခင်းအတွက်မျိုးစေ့ ၁၀ ပြည်မှ ၁ တင်းနှင့် ပျိုးဘောင် ဧရိယာ ၀.၁ ဧက (စိမ့်မြောင်းမြေဧရိယာမပါ) လိုအပ် ပါသည်။
- မြေပြင်ချိန်တွင်ပျိုးခင်း ၀.၁ ဧက အတွက် မြေဆွေး (သို့) နွားချေးဆွေး လှည်းတစ်စီးညီညာစွာ ထည့်ပါ။
- ၃ပေခြားတိုင်း ၁ ပေ (သို့) ၁ ပေခွဲ အကျယ် စိမ့်မြောင်း တစ် ကြောင်း ဖော်ပါ။
- ပျိုးဘောင်မြေမျက်နှာပြင်ကို ညီညာအောင် ညှိပါ။
- ပျိုးဘောင်ဧရိယာ ၀.၁ ဧက အတွက် ၁၅ ပတ်လည် (N 15: $P_2O_5$ 15: $K_2O$ 15) ကွန်ပေါင်းမြေဩဇာ ၁ ပြည်ခွဲ ညီညာ စွာထည့်ပါ။
- အညှောင့်ဖောက်ထားသော မျိုးစေ့များအား ပျိုးဘောင်ပေါ်သို့ ညီညာစွာ (ပျိုးဘောင် ၃ ပေ ပတ်လည်ပေါ်တွင် မျိုးစေ့ နို့ဆီဘူး ၁ ဘူးခွဲနှုန်း) ကြဲပက်ပြီး မြေဆွေး/နွားချေးဆွေး/စပါးခွံပြာ ခပ်ပါးပါး ဖုံးအုပ်ပါ။
- ပျိုးဘောင်ကို အမြဲစိုအောင် ရေထိန်းထားပါ။ ပျိုးကြဲပြီး ၅ - ၇ ရက် မှစ၍ ပျိုးပင်သက်တမ်း တစ်လျှောက် အပင်အမြင့်ပေါ် မူတည်၍ ရေခပ်ပါးပါး (ရေ ၀.၅" မှ ၁.၅" အမြင့်အထိ) ထား၍ ရေသွင်း ရေထုတ် ပြုလုပ်ပါ။ လိုအပ်ပါက ပိုးမွှား၊ ရောဂါကို စနစ်တကျ ကာကွယ်နှိမ်နင်းပါ။
- ပျိုးမနုတ်မီ ၇ - ၁၀ ရက်ခန့်အလိုတွင် ပျိုးဘောင်ဧရိယာ ၀.၁ ဧကအတွက် ယူရီးယားဓာတ်မြေဩဇာ ၁ ပြည်ခွဲကို ရေဖျော် လောင်း (သို့) ကြဲပက် ကျွေးပါ။
- ရွှေ့ပြောင်းမစိုက်မီ ပျိုးဘောင်ကို ပေါင်းကင်းစင်အောင် ဆောင်ရွက်ပါ။
- ပျိုးနုတ်ခါနီးအချိန်တွင် ရေသွင်းပေးခြင်းဖြင့် ပျိုးနုတ်ရလွယ်ကူ စေပြီး ပျိုးပင်များ ဒဏ်ရာရမှု သက်သာစေပါသည်။
- ပျိုးနုတ်ရာတွင် အမြစ်များ မပြတ်ရန် သတိထားရမည်။







## ၃။ စိုက်ခင်းမြေပြင်ခြင်း

- မိုးရွာပြီးနောက် လုံလောက်သော အစိုဓာတ်ရရှိချိန်တွင် ထယ် အနက် ၆ - ၈ လက်မခန့် ထယ်ထိုးပါ။
- ထယ်ထိုးပြီး တစ်ပတ်အကြာတွင် ထွန် ၂ ကြိမ်မွှေပါ။ ပေါင်း မြက်များနှင့် သီးနှံအကြွင်းအကျန်များကို ထွန်မွှေစဉ် ဖယ်ရှား ပြီးကြမ်းတုံးရိုက်ပါ။
- မစိုက်မီ နှစ်ရက်အလိုတွင် စက်တုံး(၂ - ၃ စပ်) ခုတ်ပါ။
- စက်တုံးခုတ်စဉ် မြေခံမြေဩဇာကို ညီညာစွာကြဲပက်ပါ။
- ကြမ်းတုံးရိုက်၍ မြေကိုညီညာအောင်ညှိပါ။





## ၄။ စိုက်စနစ်

### ရွှေ့ပြောင်းစိုက်ပျိုးခြင်း

- သက်လျင်စပါးမျိုးများအတွက် ပျိုးသက် ၂၀ - ၂၅ ရက် အတွင်း စိုက်ပါ။
- သက်လတ်စပါးမျိုးများအတွက် ပျိုးသက် ၂၅ - ၃၅ ရက် အတွင်း စိုက်ပါ။
- ပျိုးနုတ်ပြီး တစ်ရက်အတွင်း ရွှေ့ပြောင်းစိုက်ပျိုးပါ။
- ကောက်ကွက် ၁ ကွက်လျှင် ပျိုးပင် လက်ဆ ၂ - ၃ ပင်သုံး၍ သမန်းအတွင်းသို့ ၁ - ၁.၅ လက်မထက် ပိုမနက်စေပဲ စိုက်ပျိုးပါ။
- တန်းကြား ပင်ကြားကို ၈ လက်မ × ၆ လက်မ ထား၍ အတန်း လိုက် စိုက်ပါ။
- အတန်းလိုက် မစိုက်နိုင်ပါက ကောက်ကွက် တစ်သိန်း သုံးသောင်းဝင်အောင် စိုက်ပါ။
- စိုက်ပြီးတစ်ပတ်အတွင်း ကောက်ပင်ဖာပါ။





## ၅။ မြေဩဇာကျွေးခြင်း

- ပိုတက်စီယမ်ဓာတ် ရရှိနိုင်သော ကောက်ရိုး၊ နှမ်းရိုး၊ စပါးခွံများ ကို မြေဆွေးပြုလုပ်၍ သုံးစွဲပါ။
- သီးနှံအကြွင်းအကျန်များနှင့် နွားချေးတို့ကို မြေဆွေးပြုလုပ်၍ မြေပြင်ချိန်တွင် ထည့်သွင်းခြင်းသည် အပင်၏ အနည်းလို အာဟာရဓာတ်များကိုပါ ပံ့ပိုးသည့်အပြင် မြေ၏ရေထိန်း စွမ်းအားကိုပါ တိုးတက်စေသည်။

| အသုံးပြုရမည့် အချိန် | တစ်ဧကအတွက် မြေဩဇာနှုန်းထား |
|---|---|
| မြေပြင်ချိန် | တီစုပါ ၁/၂ အိတ် (၂၅ ကီလို)<br>ဂျစ်ပဆန် ၃ အိတ် (၇၅ ကီလို) |
| ရွှေ့ပြောင်း စိုက်ပြီး ၇ - ၁၄ ရက် | ယူရီးယား ၁/၃ အိတ် (၁၆.၇ ကီလို)<br>ပိုတက်ရှ် ၁/၄ အိတ် (၁၂.၅ ကီလို) |
| အပင်ပွား စည်းချိန် | ယူရီးယား ၁/၃ အိတ် (၁၆.၇ ကီလို) |
| မှို့ကပ်ချိန် | ယူရီးယား ၁/၃ အိတ် (၁၆.၇ ကီလို)<br>ပိုတက်ရှ် ၁/၄ အိတ် (၁၂.၅ ကီလို) |